global witness

တားမြစ်ချက်။ ၂၀၁၅ ခုနှစ် မတ်လ ၂၆ ရက် ကြာသပတေးနေ့ ၀၆း၃၀ (GMT) မတိုင်မီ ပုံနှိပ်ထုတ်ဝေခြင်း မပြုရန်။

# မြန်မာနိုင်ငံ တိုင်းရင်းသားလူနည်းစုဒေသ မြေယာသိမ်းယူမှုများအတွင်းမှ စစ်တပ်၊ နိုင်ငံရေးနှင့် စီးပွားရေးခရိုနီဂါဒ

*မြန်မာ့မြေယာကဏ္ဍအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်များကို တိုးမြင့်စေပြီး အာဏာရှင်ဟောင်းများ၏ ကစားကွက်အတွင်းသို့ရောက်ရှိသွားစေသည်။*

Global Witness ၏ အစီရင်ခံစာ အသစ်သည် တရုတ်နယ်စပ်အနီး မြန်မာနိုင်ငံအရှေ့မြောက်ပိုင်း တိုင်းရင်းသားလူနည်းစုများ၏ မြေယာများ အစုအပြုံလိုက်သိမ်းဆည်းမှု နောက်ကွယ်မှ စစ်တပ်၊ စီးပွားရေးနှင့် နိုင်ငံရေး သမားများ၏ ပါဝင်ပတ်သက်မှုကို ထုတ်ဖော်ထားသည်။ တာဝန်ရှိသူများထဲတွင် အာဏာရပါတီ ဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဝင်၊ မြန်မာနိုင်ငံ၏ လက်ရှိ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်လှိုင်နှင့် ယခင်စစ်အစိုးရဖြင့် ပူးပေါင်း၍ မြေယာများထိန်းချုပ်ခွင့်ကိုရယူခဲ့သည့် ရာဘာကုမ္ပဏီဖြစ်သော စိန်ဝတ်မှုံတို့ပါဝင်သည်။ ဤထုတ်ဖော်ချက်များသည် မြန်မာအစိုးရအနေဖြင့် တိုင်းပြည်အတွက်ပထမဦးဆုံးဖြစ်သော အမျိုးသားမြေယာမူဝါဒကို အပြီးသတ်ရေးဆွဲနေသည့် အချိန်တွင်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆယ့်ရှစ်လကြာ စုံစမ်းစစ်ဆေးမှုများ၏ ရလဒ် အဖြစ် ထွက်ပေါ်လာခဲ့သော ***သေနတ်များ၊ ခရိုနီများနှင့် ကောက်ပဲသီးနှံများ*** အစီရင်ခံစာတွင် သက္ကရာဇ် ၂၀၀၀ ခုနှစ်များအလယ်က လယ်ယာစိုက်ပျိုးသူရပ်ရွာလူထုထံမှ များပြားသော မြေယာများအား သိမ်းယူကာ ကုမ္ပဏီများနှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များအား ရာဘာစိုက်ခင်းများတည်ထောင်ရန် လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာလက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် တပ်မတော်၏ စစ်ဆင်ရေးအများအပြားနှင့် နီးစပ်သူများ ကောင်းစားရေးဂါဒကို အသေးစိတ် ဖော်ပြထားသည်။

ဤအစီရင်ခံစာတွင် နိုင်ငံ၏ ချီးကျူးမှုအများအပြားရရှိခဲ့သည့် ၂၀၁၁ ခုနှစ် အရပ်သားဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလမှ ယနေ့တိုင် မပြောင်းလဲသေးသည့် နဂိုရှိရင်းစွဲ ခွဲခြားဆက်ဆံခံရသော တိုင်းရင်းသားလူနည်းစုများအပေါ် ခေတ်အဆက်ဆက်လက်ဆင့်ကမ်းခဲ့သည့် ဂိုသမမြေယာသိမ်းယူမှုများအကြောင်း မှတ်တမ်းတင်ထားသည်။

"နှစ်ပေါင်း ၅၀ ကျော် စစ်တပ် အုပ်ချုပ်မှု နောက်ပိုင်းမှာ မြန်မာ့ နိုင်ငံရေးနဲ့ စီးပွားရေးကို တပ်မတော်ရဲ့ချုပ်ကိုင်မှုကနေ ခွဲထုတ်သင့်နေပါပြီ" ဟု Global Witness၏ မြေယာအရေး လှုံ့ဆော်သူ ဟိုဆေးကိုဟန် (Josie Cohen) က ပြောသည်။ "ဒါပေမယ့် ကိစ္စရပ်တော်တော်များများမှာတော့ စစ်တပ်က ယူနီဖောင်းကနေ အရပ်ဝတ်ကို ပြောင်းရုံပဲပြောင်းလိုက်ပြီး၊ စစ်တပ်အရာရှိတွေနဲ့ သူတို့ရဲ့နီးစပ်သူတွေဟာ နိုင်ငံ့မြေယာကဏ္ဍကို ဆက်လက် ထိန်းချုပ်ထားဆဲဖြစ်ပါတယ်။ နိုင်ငံခြားစိုက်ပျိုးရေးဆိုင်ရာစီးပွားလုပ်ငန်းတွေဟာ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့တဲ့ ကုန်သွယ်ရေးပိတ်ဆို့မှု မရှိတော့တဲ့ နောက်ပိုင်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ပြင်ဆင်နေချိန်မှာ သူတို့ရဲ့ ငွေကြေးတွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုတိုးပွားနိုင်စေပြီး အာဏာရှင်ဟောင်းတွေရဲ့ ကစားကွက်ထဲကိုပဲ ရောက်ရှိသွားစေပါတယ်။"

Global Witness က စုံစမ်းစစ်ဆေးခဲ့သည့် မြေယာသိမ်းယူမှု အများစုသည် ၂၀၀၆ ခုနှစ်အတွင်း နိုင်ငံတဝှမ်း 'ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း အစီအစဉ်' အောက်တွင် ဖြစ်ပွားခဲ့ပြီး၊ ဗိုလ်ချုပ်ကြီးများက ပြည်သူလူထု၏ ပိုင်ဆိုင်မှုများနှင့် သဘာဝ သယံဇာတများကို ပုဂ္ဂလိက ပိုင်ဆိုင်မှု အောက်သို့ လွှဲပြောင်းခြင်းဖြင့် ၎င်းတို့နှင့် ၎င်းတို့၏ နီးစပ်သူများက အသွင်ကူးပြောင်းရေးကာလနောက်ပိုင်း စီးပွားရေးအရထိန်းချုပ်မှုကို ဆက်လက်ရရှိအောင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၃ ခုနှစ်အရောက်တွင် ရန်ကုန်မြို့ဧရိယာ၏ ၃၅ ဆ ရှိသော မြေဧက ၅.၃ သန်းကို စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ကိုင်သော ရင်းနှီးမြှုပ်နှံသူများထံ ငှါးရမ်းပေးအပ်ခဲ့ပြီးဖြစ်သည်။ တရုတ်နိုင်ငံမှ ဂယ်လိုအား မြင့်တက်လာမှုကြောင့် အဆိုပါမြေဧရိယာစုစုပေါင်း၏ လေးပုံတစ်ပုံကျော်သည် ရာဘာစိုက်ခင်းများဖြစ်လာခဲ့သည်။ ယင်းသည် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှ စိုက်ပျိုးမြေနှင့် သစ်တောများအပေါ် မှီခိုနေသည့် နိုင်ငံအတွက် ဆိုးရွားစွာ အကျိုးသက်ရောက်စေသည်။

Global Witness မှ ထုတ်ဖော်ခဲ့သော အထောက်အထားများအရ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း လားရှိုးခရိုင်နှင့် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ရှိ မြေယာသိမ်းယူမှုများတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ပတ်သက်လျက်ရှိသည်။

- **ဦးမြင့်လှိုင်**၊ မြန်မာနိုင်ငံ၏ လက်ရှိ **စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး** သည် အဆိုပါသိမ်းယူမှုများ ပြုလုပ်စဉ်က တပ်မတော်၏ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖြစ်သည်။ တိုင်းမှူး အဖြစ်တာဝန်ထမ်းဆောင်စဉ်အတွင်း တိုင်းရင်းသားလူနည်းစု အုပ်စုများအပေါ် အညှာအတာ ကင်းမဲ့စွာ ဆက်ဆံခဲ့ပြီး၊ လက်ရှိ အစိုးရအတွင်း ဩဇာအာဏာအကြီးဆုံးနှင့် အငြင်းပွားဖွယ်ကောင်းသောဝန်ကြီးများအနက်မှ တစ်ဦးဖြစ်သည်။ သူသည် မြန်မာနိုင်ငံ၏ မြေယာအနည်းအကျဉ်းသားပိုင်ဆိုင်သည့် လယ်သမားများအား ထိခိုက်နစ်နာစေသည့် စက်မှုလယ်ယာလုပ်ငန်းများဖြစ်ပေါ်လာအောင် တွန်းအားပေးသူအဖြစ် ကျယ်ပြန့်စွာ ဝေဖန်ခံရသည်။

- **ခရိုင်အဆင့် အစိုးရ** သည်လည်း တရားဥပဒေနှင့်မညီသော ပါဝင်ပတ်သက်မှုများ ရှိခဲ့သည်။ မြေယာသိမ်းယူမှုများအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း၏ အကြီးဆုံးမြို့ဖြစ်သော လားရှိုးမြို့ရှိ မြေစာရင်းဦးစီးဌာနမှ အရာရှိများသည် စစ်သားများနှင့်အတူ လိုက်ပါခဲ့သည်။ Global Witness မှ စုံစမ်းစစ်ဆေးသူများက ၂၀၁၀နှင့် ၂၀၁၁ ခုနှစ်အတွင်း လူပုဂ္ဂိုလ်အမျိုးမျိုးအတွက် 'မြေလွတ်မြေရိုင်းများ' ချထားပေးထားမှုများကို စာရင်းပြုစုထားသည့် အစိုးရစာရွက်စာတမ်းတစ်ခုကိုရရှိခဲ့သည်။ ဂြိုလ်တု ဓါတ်ပုံများအရ ယင်းမြေများမှာ လွန်ခဲ့သည့် သုံးနှစ်၊ လေးနှစ်မတိုင်မီကပင် ရာဘာစိုက်ခင်းများအဖြစ် ပြောင်းလဲပြီး ဖြစ်သည်ကို တွေ့ရသဖြင့် စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသည် မြေယာသိမ်းဆည်းမှုများ ကို နောက်ကြောင်းပြန် တရားဝင်စေရန် ပြုလုပ်ခဲ့ကြောင်း ဖော်ပြနေသည်။

- **စိန်ဂတ်မှုံ** သည် ပုဂ္ဂလိကပိုင် ဒေသခံကုမ္ပဏီတစ်ခုဖြစ်ပြီး အဆိုပါသိမ်းယူမှုများတွင် အဓိက အကျိုးအမြတ်ရရှိသူဖြစ်သည်။ ၎င်းသည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ အခြားသော ရာဘာကုမ္ပဏီများ အားလုံးထက်သာလွန်သည့် စိုက်ပျိုးမြေဧကပေါင်း ၄၆၀၈ ဧက (၁၈၆၅ ဟက်တာ) ကို ထိန်းချုပ်နိုင်ရန်အတွက် စစ်တပ်နှင့် ခရိုင်အစိုးရ အရာရှိများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ မြေယာသိမ်းဆည်းမှု အများအပြားကို ဦးဆောင်ခဲ့သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ ဗိုလ်မှူးမျိုးရီသည် ယခုအခါ ကုမ္ပဏီအတွက် အလုပ်လုပပေးနေသည်။

- **အာဏာရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ** အတွက် ၂၀၁၀ ခုနှစ် ဇူလိုင်လအတွင်း နိုင်ငံပိုင် သီးခြားမြေ ၁၃၀၀ ဧကအား တရားမဝင် ချပေးထားခဲ့သည်ကို အစိုးရစာရွက်စာတမ်းများက သက်သေပြလျက်ရှိသည်။ အဆိုပါကိစ္စမှာ နိုင်ငံရေးပါတီအနေဖြင့် တရားဝင် မှတ်ပုံတင်ပြီး ရက်သတ္တပတ် ၇ ပါတ် အကြာတွင်ဖြစ်ပြီး ထိုအချိန်တွင် ပါတီအနေဖြင့် နိုင်ငံတော်ပိုင် ပိုင်ဆိုင်မှုအားလုံးကို စွန့်လွှတ်ခဲ့ပြီးဖြစ်ရမည့် အချိန်လည်း ဖြစ်သည်။

- အကျိုးခံစားခွင့်ရှိသူများစာရင်းတွင် အခြားသော ပုဂ္ဂလိကကုမ္ပဏီများ အများအပြားပါဝင်ပြီး လက်နက်ကိုင်အဖွဲ့များ၊ **မန်ပန် ပြည်သူ့စစ်အဖွဲ့**နှင့် လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော **ဦးရှောက်ချမ်း**နှင့် **ဦးကျင်ဝမ်း** တို့ပါဝင်သည်။

စုံစမ်းစစ်ဆေးခဲ့သော မြေယာသိမ်းယူမှုများအား ဒေသခံရွာသားများ၏ သဘောတူညီချက်မပါဘဲ သိမ်းယူခဲ့ပြီး လျော်ကြေးပေးအပ်မှုများလည်း မရှိသလောက်ဖြစ်သည်။ စိန်ဂုတ်မုံအနေဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့် အခြေခံအဆောက်အဦကိုမျှ တည်ဆောက်ခဲ့ခြင်းမရှိသည့်အပြင် တွေ့ဆုံမေးမြန်းခဲ့သည့် ဒေသခံရွာသား တစ်စုံတစ်ယောက်မျှ ကုမ္ပဏီ၏စိုက်ခင်းများတွင် အလုပ်အကိုင်ရရှိခဲ့ခြင်းမရှိပါ။ မြေယာဆုံးရှုံးခဲ့သူ အချို့မှာ ယခုအခါ ၎င်းတို့၏မိသားစုများအား ကျွေးမွေးရန် ခက်ခဲစွာရုန်းကန်နေရပြီး၊ ၎င်းတို့၏ သားသမီးများကို အလုပ်အကိုင်ရရှိရန် နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ကြရသည်။

မြေယာများသိမ်းယူနေချိန်တွင် လက်နက်ကိုင် ပဋိပက္ခများဆက်တိုက်ဖြစ်ပွားနေပြီး၊ လက်တုံ့ပြန်ဒဏ်ခတ်မှုများ ပြုလုပ်မည် ကို စိုးရိမ်သည့်အတွက် သိမ်းယူမှုများကို ခုခံရန် လွန်စွာကြောက်ရွံ့နေခဲ့သည်ဟု ရွာသားများက ပြောသည်။ မြန်မာနိုင်ငံ အသွင်ကူးပြောင်းချိန်မှစပြီး အာဏာပိုင်များအား ရွာသားများက ၎င်းတို့ပိုင် မြေယာများပြန်ပေးရန် စာရေးသား တောင်းဆိုခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မည်သည့် အကြောင်းပြန်မှုကို မရရှိခဲ့ပါ။

"မြန်မာ့မြေယာကဏ္ဍမှာ စစ်အုပ်ချုပ်ရေးကနေ အရင်းရှင်လူမိုက်ဂိုဏ်းပုံစံမျိုး အသွင်ပြောင်းသွားပြီး ရေပေါ်ဆီ လူတန်းစားတွေအနေနဲ့ အပြစ်ပေးအရေးယူခံရမှုလုံးဝမရှိပဲ မြေယာတွေသိမ်းယူထားတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။" ဟု ကိုဟင်က ပြောသည်။ "မြန်မာနိုင်ငံရဲ့ မြေယာမူဝါဒ အသစ်နဲ့ တဆက်ထဲ ပေါ်ပေါက်လာမယ့် မြေယာဥပဒေဟာ နိုင်ငံသားတွေအတွက် ပိုမိုညီမျှမှုရှိတဲ့ အနာဂတ်အတွက် အာမခံချက်ပေးမယ့် အဓိက အခွင့်အလမ်းဖြစ်ပါတယ်။ နိုင်ငံတကာ အလှူရှင်တွေအနေနဲ့လည်း ၎င်းတို့နဲ့မြန်မာအစိုးရအကြား ရှိနေတဲ့ ရပ်တည်ချက်ကို အသုံးပြုပြီး ဥပဒေအသစ်ဟာ နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကြိုးစားအားထုတ်မှုတွေကို ပျက်ပြားစေတဲ့ မြေယာသိမ်းယူမှုတွေကို ရပ်တန့်နိုင်စေဖို့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ စစ်မှန်သော ပြုပြင်ပြောင်းလဲခြင်း ဆိုတာဟာ အတိတ်ကာလက ပြဿနာတွေကိုလည်း မဖြစ်မနေ ပြန်လည်ဖြေရှင်းပေးရမှာ ဖြစ်ပါတယ်။ အစိုးရနဲ့ သူတို့ရဲ့ နီးစပ်တဲ့ ခရိုနီတွေဟာ အရင်ခေတ်ကာလက ကျူးလွန်ခဲ့တဲ့ မတော်မတရားမှုတွေအတွက် တာဝန်ခံရမှာ ဖြစ်ပြီး၊ ခံစားခဲ့ရတဲ့ ရပ်ရွာလူထုအတွက် ပြန်လည်ထူထောင်ရေးများ သေသေချာချာဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။"

*၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် Global Witness သည် စိန်ဂုတ်မုံ ၏ ပိုင်ရှင်နှင့် ဒါရိုက်တာဖြစ်သော ဦးမောင်မြင့်ထံ မှတ်ချက်ပေးရန် စာရေးသားတောင်းခံခဲ့ပါသည်။ သူ၏ တုန့်ပြန်မှုတွင် ဦးမောင်မြင့်အနေဖြင့် Global Witness မှ ရရှိထားသည့် သတင်းအချက်အလက်များသည် ကောလာဟလ သာဖြစ်သည်ဟု ပြောဆိုခဲ့ပြီး၊ ကုမ္ပဏီအနေဖြင့် စစ်တပ်နှင့် ပတ်သက်မှုကို အသုံးချ၍ ရွာသားများ၏ မြေယာများ ရယူခဲ့သည်ဆိုခြင်းကို ငြင်းဆိုခဲ့ကာ၊ ၎င်းတို့ အနေဖြင့် ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး အလုပ်အကိုင်များပေးအပ်ကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့သည်ဟု ဆိုသည်။ Global Witness သည် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်လှိုင်၊ အခြားသော အဖွဲ့အစည်းများအားလုံးနှင့် သေနတ်များ၊ ခရိုနီများနှင့် ကောက်ပဲသီးနှံများ အစီရင်ခံစာတွင် ဖော်ပြထားသည့် လူပုဂ္ဂိုလ်များအားလုံး ကိုလည်း ဆက်သွယ်ရန် ကြိုးစားခဲ့ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ တုန့်ပြန်ခဲ့ခြင်းမရှိပါ။*

*/ဆုံး*

သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ဆက်သွယ်ရန်။

**လန်ဒန်၊ အဲလစ် ဟာရီဆန်** (Alice Harrison) +၄၄ (၀) ၇၈၄ ၁၃၃ ၈၇၉၂ aharrison@globalwitness.org
**ရန်ကုန်၊ ဟိုဆေး ကိုဟင်** (Josie Cohen) jcohen@globalwitness.org
**ရန်ကုန်၊ အလီ ဟိုင်းစ်** (Ali Hines) ahines@globalwitness.org